**Key Statements for the 2023 International Chinese-speaking Conference**

**သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်ရမည်၊ ကိုယ်တော်ကို ကျွန်ုပ်တို့အသက်အဖြစ် ယူဆောင်ရမည်၊ ကိုယ်တော်ကို အသက်ရှင်ရမည်၊ ကိုယ်တော်ကို ကြီးမားထင်ရှားရမည်၊ ကိုယ်တော်ကြွလာခြင်းကို စောင့်မျှော်ရမည်၊ ကိုယ်တော်ပေါ်ထွန်းခြင်းကို ချစ်မြတ်နိုးရမည်။ ဤအရာသည် ကျွန်ုပ်တို့စိတ်နှလုံးအလိုရှိရာနှင့် ကျွန်ုပ်တို့အသက်ရှင်ခြင်းဖြစ်သင့်ပါသည်။**

**သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် ပရောဖက်စကားကို နံနက်မိုးသောက်ချိန်မတိုင်ခင်အထိ မှောင်မိုက်အရပ်၌ထွန်းလင်းသော မီးခွက်အဖြစ် အလေးထားရန်နှင့် ခရစ်တော်ကို ကျွန်ုပ်တို့စိတ်နှလုံးများ၌ လျှို့ဝှက်စွာ နိုးထလာသော၊ ပေါ်ထွန်းလာသော မိုးသောက်ကြယ်အဖြစ် အလေးထားခြင်းရှိရမည်ဖြစ်သည်။**

**သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် အခြားသူများကို ကျွေးမွေးနိုင်ရန်အတွက် ကိုယ်တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်အစာအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်၊ အမျိုးမျိုးသောဆုတောင်းခြင်းနည်းလမ်းအားဖြင့် ကိုယ်တော်၏နှုတ်ကပတ်တော်ကို လက်ခံရယူရန်၊ နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုရန်၊ များစွာ ပြန်လည်ဆင်ခြင်အောက်မေ့ခြင်းဖြင့် နှုတ်ကပတ်တော်ကို ကျယ်လောင်စွာ ပြောဆိုရန် လိုအပ်သည်။**

**သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခံရခြင်း၏ နိုးကြားသောအသက်ရှင်ခြင်းရှိရန်နှင့် ခမည်းတော်ဘုရားသခင်၏ ချစ်တတ်သော ခွင့်လွှတ်တတ်သော စိတ်နှလုံးဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့ကယ်တင်ရှင် ခရစ်တော်၏ ထိန်းကျောင်းသော ရှာဖွေတတ်သော ဝိညာဉ်ဖြင့် ထိန်းကျောင်းခြင်းကို အားထုတ်လုပ်ဆောင်ရန် လိုအပ်သည်။**

*© 2023 Living Stream Ministry*

**Outlines of the Messages**
**for the International Chinese-speaking Conference**
**February 17-19, 2023**

**GENERAL SUBJECT:**
**သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေခြင်း**

Message One

## ကိုယ်တော်၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးပြီး၊ မျက်မှောက်ခေတ်ကို မချစ်ခြင်းအားဖြင့် သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေခြင်း

ဖတ်ရန်ကျမ်း။ ။ ၂တိ၊၄း၈၊၁၀၊၁၈။ ရော၊၁၂း၂။ ၁ယော၊၂း၁၅။ ၅း၁၉ခ။ ဗျာ၊၁၇း၁၄။ ၂၂း၂၀

I. **သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းသည် ကျွန်ုပ်တို့ထံသို့ အဖိုးတန်ခြင်းရှိမည်ဆိုလျှင်၊ ကိုယ်တော်၏ပေါ်ထွန်းတော်မူခြင်းကို ကျွန်ုပ်တို့ ချစ်မြတ်နိုးကြလိမ့်မည်ဖြစ်သည်-၂တိ၊၄း၈။**

A. သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်ခြင်းနှင့် သခင်ဘုရားကိုယ်တော်တိုင်ကို ချစ်ခြင်းမှာ ခွဲ၍မရနိုင်ပါ-၁ကော၊၂း၉။ ၂တိ၊၄း၈။

B. ကျွန်ုပ်တို့သည် သခင်ဘုရားကြွလာရန် စောင့်ဆိုင်းနေကြသည်ဆိုလျှင်၊ ကိုယ်တော်၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသောသူများ ဖြစ်သင့်ပါသည်- ၁သက်၊၁း၁၀။ ၂တိ၊၄း၈။

C. သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်း၊ ကိုယ်တော်၏ပြန်လည်ကြွလာခြင်းသည် ကျွန်ုပ်တို့အဖို့ သတိပေးချက်တစ်ခု၊ ခွန်အားပေးမှုတစ်ခုနှင့် လှုံ့ဆော်ဆွဲဆောင်မှုတစ်ခု ဖြစ်သည်- အငယ်၊၁၊ ၁၈။

1. ကျွန်ုပ်တို့သည် သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးပြီး၊ ၎င်းကို အလွန်ထက်သန်စွာ မျှော်လင့်စောင့်စားခြင်းနှင့် ဝမ်းမြောက်ခြင်းဖြင့် မျှော်လင့်တောင့်တနေရမည်ဖြစ်သည်- ဗျာ၊၂၂း၂၀။
2. ကျွန်ုပ်တို့သည် သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသော အသက်ရှင်ခြင်း ရှိသင့်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့အား စိတ်ပျက်အားလျော့ခြင်း မရှိစေဘဲ၊ အဆုံးတိုင်အောင် သစ္စာစောင့်ခြင်း ရှိစေသည်- ၂တိ၊၄း၈။ ဗျာ၊ ၁၇း၁၄။

II. **"လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာတို့ကိုလည်းကောင်း မချစ်ကြနှင့်။ လောကကို ချစ်သောသူ၌ ခမည်းတော်ကို ချစ်သောမေတ္တာမရှိ" - ၁ယော၊၂း၁၅။**

A. လောကသည် စာတန်အားဖြင့် စနစ်တကျ စီစဉ်ထားသည့် ဆိုးညစ်သောစနစ်တစ်ခုဖြစ်သည်- အငယ်၊၁၅-၁၇။ ယာ၊၄း၄။

1. ဘုရားသခင်သည် လူကို ကိုယ်တော်၏အကြံအစည်တော်ပြည့်စုံခြင်းအတွက် ဤမြေကြီးပေါ် အသက်ရှင်ရန် ဖန်ဆင်းခဲ့သော်လည်း၊ ကိုယ်တော်၏ရန်သူ စာတန်သည် ဘုရားသခင်ဖန်ဆင်းထားသောလူကို မတရားသိမ်းယူရန် ဘုရားသခင်အား ဆန့်ကျင်သောလောကစနစ်ကို ဤမြေကြီးပေါ်တွင် ဖွဲ့စည်းခဲ့ကာ၊ လူတို့အား ရိုးရာယဉ်ကျေးမှု၊ ပညာရေး၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှု၊ ဖြေဖျော်မှု၊ ဘာသာတရားတို့နှင့် စနစ်တကျ စီမံဖွဲ့စည်းခဲ့သည်-ဧ၊၃း၁၁။ က၊၁း၂၆-၂၈။ ၂း၈-၉။ ၄း၁၆-၂၄။
2. မြေကြီးပေါ်တွင် ရှိသောအရာများအားလုံး၊ အထူးသဖြင့် လူသားမျိုးနွယ်နှင့် ဆက်နွယ်သောအရာများနှင့် လေထုထဲ ၌ရှိသောအရာများအားလုံးသည် စာတန်အားဖြင့် သူ၏မှောင်မိုက်နိုင်ငံအထဲသို့ စနစ်တကျဖွဲ့စည်းထားခြင်းခံရကာ၊ ယင်းမှာ လူတို့အား ဘုရားသခင်၏အကြံအစည်တော်ကို ပြီးမြောက်စေခြင်းမှ နှောင့်ယှက်ဟန့်တားရန်နှင့် ရယူသိမ်းပိုက်ရန်၊ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ သူတို့ကို အာရုံထွေပြားစေရန် ဖြစ်သည်-၁ယော၊၂း၁၅-၁၇။
3. လောကသည် ခမည်းတော်ဘုရားကို ဆန့်ကျင်ပြီး၊ လောက၌ရှိသောအရာများသည် ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်ကာ၊ လောကကို ချစ်သောသူတို့သည် ဘုရားသခင်၏ရန်သူများ ဖြစ်ကြသည်- အငယ်၊၁၅-၁၇။ ယာ၊၄း၄။

B. "လောကတစ်ခုလုံး" စာတန်ဆိုင်ရာနည်းစနစ်သည် "ဆိုးညစ်သောသူ၏လက်၌ ရှိကြသည်"- ၁ယော၊၅း၁၉ခ။

1. "လောကတစ်ခုလုံး" တွင် စာတန်ဆိုင်ရာ လောကစနစ်နှင့် လောကီသားများ၊ ကျဆင်းသောလူသားမျိုးနွယ်များ ပေါင်းစပ်ပါဝင်သည်။
2. ရှိကြသည် ဆိုသည်မှာ ဆိုးညစ်သောသူ၏မတရားသိမ်းယူခြင်းနှင့် ကြိုးကိုင်ခြယ်လှယ်ခြင်း၏နယ်ပယ်အဝန်းအဝိုင်း၌ ပြုသမျှနေရကြောင်းကို ဆိုလိုသည်။ လောကတစ်ခုလုံးနှင့် လောကီသားအပေါင်းတို့သည် ဆိုးညစ်သောသူ စာတန်၏ မတရားသိမ်းယူခြင်းနှင့် ကြိုးကိုင်ခြယ်လှယ်ခြင်းအောက်တွင် မလှုပ်နိုင်ဘဲ ရှိနေကြသည်။
3. ၁ယော၊၅း၁၉ ရှိ "ဆိုးညစ်သောသူ" ဟူသောဂရိစကားလုံးသည် ဖျက်ဆီးတတ်သောသူ၊ နာကျင်စေသော ဆိုးညစ်မှုပြုသောသူ၊ အခြားသူများကို ထိခိုက်စေသောသူ၊ အခြားသူများအား ဆိုးညစ်မှုနှင့် ဒုစရိုက်မှုများဖြင့် လွှမ်းမိုးသောသူကို ရည်ညွှန်းသည်။ ထိုသို့ ဆိုးညစ်သောသူမှာ စာတန် မာရ်နတ်ဖြစ်၍၊ လောကီသားအပေါင်းတို့သည် သူ၏လက်၌ ရှိနေ ကြသည်။

C. စာတန်သည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာလောကနှင့် လောက၌ ရှိသောအရာများကို အသုံးပြု၍ နောက်ဆုံးတွင် အရာအားလုံးကို အန္တိခရစ်၏နိုင်ငံ၌ ချုပ်ခြာစေမည်ဖြစ်သည်။ ထိုအချိန်တွင် လောကနည်းစနစ်သည် အထွတ်အထိပ်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး၊ ၎င်း၏အစိတ်အပိုင်းတိုင်းသည် ခရစ်ယာန်-ဆန့်ကျင်မှုအဖြစ် ပေါ်ထွက်လာမည်ဖြစ်သည်-၂သက်၊၂း၃-၁၂။

## III. သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးခြင်းသည် မျက်မှောက်ခေတ်ကို ချစ်ခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်-၂တိ၊၄း၈၊၁၀။

A. ခေတ်ကာလတစ်ခုသည် စာတန်၏လောကစနစ်ရှိ အပိုင်း ကဏ္ဍတစ်ခု သို့မဟုတ် သွင်ပြင်တစ်ခုဖြစ်ကာ၊ ၎င်းကို လူတို့အား မတရားလုယူ၊ သိမ်းပိုက်ရန်၊ ဘုရားသခင်နှင့် ကိုယ်တော်၏အကြံအစည်တော်မှ သူတို့ကို ဝေးကွာစေရန် စာတန်အားဖြင့် အသုံးပြုသည်- ၁ယော၊၅း၁၉။ ၂း၁၅။

B. ၂တိ၊၄း၁၀ ရှိ မျက်မှောက်ခေတ် သည် ကျွန်ုပ်တို့ကို ဝိုင်းရံထားသည့် ဆွဲဆောင်၊ ဖြားယောင်းနေသော လောကကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် လောက၏မျက်မှောက်ခေတ်ကို ဆက်သွယ်ခြင်း မပြုဘဲ လောကကို မဆက်သွယ်နိုင်ပါ။

C. ဒေမသည် မျက်မှောက်ခေတ်ကို ချစ်ခဲ့သည်။ မျက်မှောက်ခေတ်၏ဆွဲဆောင်မှုကြောင့် သူသည် တမန်တော်ပေါလုကို စွန့်ပစ် ခဲ့သည်-အငယ်၊၁၀။

D. ရောမ၊၁၂း၂ ၌ ပေါလုသည် ကျွန်ုပ်တို့အား ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကို မဆောင်ရန်၊ အသိဉာဏ်၏အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရန် တိုက်တွန်းထားသည်။

1. အငယ်၊၂ ရှိ *ဤခေတ်ကာလ* ဆိုသည်မှာ လောက၏ မျက်မှောက် လက်တွေ့ကျသောအပိုင်းကို ဆိုလိုပြီး၊ ယင်းသည် ကိုယ်ခန္ဓာတော်အသက်တာကို ဆန့်ကျင်ရပ်တည်နေကာ၊ ကိုယ်ခန္ဓာတော်အသက်တာကို အစားထိုးနေရာယူနေသည်- အငယ်၊၄-၅။
2. ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကို ဆောင်ခြင်းမှာ မျက်မှောက်ခေတ်၏ခေတ်ပေါ်ဖက်ရှင်များအတိုင်း ဝတ်စားဆင်ယင်ခြင်းကို ဆိုလိုသည်။ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိရန် ဆိုသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ အသက်ဆိုင်ရာ ဒြပ်သဘာဝများ ပေါင်းထည့်ပုံဖော်ပေးခြင်းကို ခွင့်ပြုခြင်း ဖြစ်ကာ၊ ထိုအရာက အတွင်းပိုင်းဆိုင်ရာ ဇီဝတွင်းဖြစ်ပျက်မှု ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသည်- အငယ်၊၂။ ၂ကော၊၃း၁၈။
3. မျက်မှောက်ခေတ်သည် ဘုရားသခင်၏အလိုတော်ဖြစ်သော အသင်းတော်ကို ဆန့်ကျင်နေသောကြောင့်၊ ကျွန်ုပ်တို့သည် ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကို မဆောင်ရပေ-ရောမ၊၁၂း၂။
4. ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ အသက်ရှင်နေပါက၊ မျက်မှောက်ခေတ်နောက်သို့ မလိုက်သင့်ပေ သို့မဟုတ် ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကို ဆောင်ခြင်း သို့မဟုတ် ပုံသဏ္ဌာန်တူညီနေခြင်း မရှိသင့်ပေ- အငယ်၊၄-၅။

E. ကျွန်ုပ်တို့သည် မျက်မှောက်ခေတ်ကို ချစ်မြတ်နိုးပါက၊ လောကဘက်တွင် ရပ်တည်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးလျှင်မူ ကိုယ်တော်ဘက်တွင် ရပ်တည်ကာ၊ ကိုယ်တော်၏အကျိုး အတွက် ကိုယ်တော်နှင့်အတူ တိုက်ခိုက်ကြမည်ဖြစ်သည်-၂တိ၊၄း၁-၂၊၄-၈၊၁၀။

**IV. သခင်ဘုရားကို ချစ်သော၊ ကိုယ်တော်၏ကြွလာခြင်းကို စောင့်ဆိုင်းနေသော၊ ကိုယ်တော်၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုး သောသူတို့သည် အောင်နိုင်ကြလိမ့်မည်- ၁ကော၊၂း၉။ ၂တိ၊၄း၈။ ဗျာ၊၂၂း၂၀။ ၁၇း၁၄။**

A. သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးခြင်းက ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ကြောင်းနှင့် ယနေ့ ကိုယ် တော်အတွက် အသက်ရှင်နေကြောင်း သက်သေဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ကိုယ်တော်၏ဆုလာဘ်ကို လက်ခံရရှိရန် ကျွန်ုပ် တို့အတွက် အခြေအနေတစ်ခု ဖြစ်လာသည်- ၂တိ၊၄း၈၊၁၈။

B. သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးရန် ဟူသည်မှာ ကျွန်ုပ်တို့သည် ရိုးရိုးပုံမှန်ဖြစ်သောအသက်တာကို အသက် မရှင်သင့်ကြောင်း မဆိုလိုပါ။ ထိုအစား ကျွန်ုပ်တို့သည် ကိုယ်တော်၏ပေါ်ထွန်းတော်မူခြင်းကို ပို၍ချစ်လေလေ၊ ယနေ့အချိန် တွင် ရိုးရိုး ပုံမှန်ဖြစ်သော အသက်တာကို အသက်ရှင်ရန် ပို၍ လိုအပ်လေလေဖြစ်သည်- မ၊၂၄း၄၀-၄၂။ ၂သက်၊၁း၁၀။ ၃း၆-၁၂။ ၁တိ၊၅း၈။

C. သခင်ယေရှုကို ချစ်၍ ကိုယ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် ယူဆောင်ကာ၊ ကိုယ်တော််ကို အသက်ရှင်ပြီး၊ ကြီးမား ထင်ရှားစေကြသော သူများအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ြွကလာခြင်းကို စောင့်ဆိုင်းခြင်းနှင့် ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးခြင်း ရှိသင့်ကြပါသည်။ ဤအရာသည် ကိုယ်တော်၏ဝမ်းမြောက်ခြင်းအထဲသို့ ဝင် ရောက်ရန်၊ သခင်ဘုရား၏ ကောင်းကင်ဆိုင်ရာ နိုင်ငံတော်အထဲသို့ ကယ်တင်ခံရရန်နှင့် ဖြောင့်မတ်ခြင်းသရဖူကို လက်ခံ ရရှိရန် မျှော်လင့်နေကြသောသူများအဖြစ် ကျွန်ုပ်တို့၏စိတ်နှလုံးအလိုဆန္ဒနှင့် ကျွန်ုပ်တို့၏အသက်ရှင်ခြင်း ဖြစ်သင့်ပါ သည်- ၂တိ၊ ၄း၈၊ ၁၈။

© 2023 Living Stream Ministry